Myanmar
RESOURCE WATCH







# ကျောက်စိမ်းမြေ၏ ဖုန်မှုန့်ထဲက လူမှုဒုက္ခများ

## နိဒါန်း

ကျောက်စိမ်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝတွင်းထွက် သယံ ဇာတပစ္စည်းဖြစ်သလို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကို များစွာဖြည့်ဆည်းပေးနိုင်တဲ့ အရင်း အမြစ်တစ်ခုလည်း ဖြစ်ပါတယ်။ ‘သုံးတက်ရင်ဆေး…မသုံးတက်ရင်ဘေး’ ဆိုတဲ့ စကား အတိုင်း ကျောက်စိမ်းကနေရရှိလာတဲ့ ငွေကြေး တွေကို တိုင်းပြည်ရဲ့ ဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိ အသုံးပြုနိုင်မယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ တွေလို အရေးပါတဲ့ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာနိုင်အောင် အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ လက်တွေ့မှာတော့ မြန်မာနိုင်ငံဟာ နှစ်စဉ် ကျပ်သိန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ ကျောက်စိမ်းတွေ ကို တူးဖော်ထုတ်လုပ်နေပေမဲ့ အဲ့ဒီဝင်ငွေတွေဟာ ဒေသခံ တွေရဲ့ ဘဝတိုးတက်ရေးဆီမရောက်ဘဲ ဘယ်ကိုရောက်မှန်းမသိ အဆုံးအစမရှိသော (Black Hole) ကဲ့သို့ ပျောက်ဆုံးနေပါတော့တယ်။ ဒီအစီ ရင်ခံစာဟာ ကျောက်စိမ်းမြေရဲ့ လူမှုစီးပွားဆိုင်ရာ အခက်အခဲတွေနဲ့ လုံခြုံရေးအားနည်းချက်တွေကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြသဖို့ ရည်ရွယ်ထားပါတယ်။ ဖားကန့်လို သယံဇာတ ပေါကြွယ်ဝတဲ့ ဒေသမှာ ဘာကြောင့် အကျိုးမဖြစ်ဘဲ လူမှုဒုက္ခတွေဘဲ တိုးလာနေရလဲဆိုတာကို ဒီစာတမ်းက ထင်ရှား ပေါ်လွင်စေမှာ ဖြစ်ပါတယ်။



# နောက်ခံအကြောင်းတရား

မြန်မာနိုင်ငံမှာ ကျောက်စိမ်းထွက်ရှိတဲ့ နေရာတွေထဲမှာ ကချင်ပြည်နယ်က ဖားကန့်၊ လုံးခင်း၊ ခန္တီး၊ မော်လူး-မော်ဟန်လိုဒေသတွေပါဝင်ပြီး အဲ့ဒီထဲမှာမှ ဖားကန့်ဟာ ကျောက်စိမ်းသိုက်အကြီးဆုံးနဲ့ နာမည်ကြီးတဲ့နေရာပဲဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ ထိပ်တန်းအဆင့်ရှိတဲ့ ကျောက်စိမ်းတွေထွက်ရှိတာ ကြောင့် ဖားကန့်ကို "ကျောက်စိမ်း မြေ"လို့ တင်စားခေါ်ဝေါ်ကြပါတယ်။

ဒါပေမဲ့ အဲ့ဒီဒေသရဲ့ ကျောက်စိမ်းတူးဖော်မှုဟာ စနစ်တကျစီမံခန့်ခွဲမှုမရှိဘဲ အာဏာသိမ်း စစ်တပ်၊ အစိုးရအဖွဲ့တွေ၊ ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (ဥပမာ- KIA/KIO) တို့ရဲ့ ထိန်းချုပ်မှု အောက်မှာ ရှုပ်ထွေးစွာလည်ပတ်လို့နေပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ထွက်ရှိခဲ့တဲ့ Global Witness ရဲ့ Myanmar's "Big State Secret" အစီရင်ခံစာမှာတော့ ၂၀၁၄ ခုနှစ်တစ်နှစ်အတွင်း မြန်မာနိုင်ငံသည် ကျောက်စိမ်းမှ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံအထိရရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။



*၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ထွက်ရှိခဲ့တဲ့ Global Witness ရဲ့ Myanmar's "Big State Secret" အစီရင်ခံစာမှာတော့ ၂၀၁၄ ခုနှစ်တစ်နှစ်အတွင်း မြန်မာ နိုင်ငံသည် ကျောက်စိမ်းမှ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံအထိရရှိခဲ့တယ်လို့ ဖော်ပြ ထားပါတယ်။ အဲ့ဒီလိုရရှိတဲ့ အခြေအနေဟာ တိုင်းပြည်မှ GDP ရဲ့ ထက်ဝက်နီးပါးနှင့် ညီမျှတယ်လို့ ယင်းအစီရင်ခံစာမှာ ဆက်လက်ဖော်ပြခဲ့ပါတယ်။*

ကျောက်စိမ်းတူးဖော်ရာကနေ ရရှိတဲ့ငွေကြေးတွေဟာ နှစ်စဉ် ကျပ်သိန်းပေါင်းများစွာ တန်ဖိုးရှိပေမယ့် အဲ့ဒီငွေတွေဟာ တိုင်းပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် မရောက်ဘဲ အမျိုးမျိုးသော ခေါင်းစဉ်တွေနဲ့ အခြားလမ်းကြောင်းတွေဆီ လွှဲပြောင်းပျောက်ဆုံးနေပါတယ်။



ဥပမာအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့လို အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းဖို့မသုံးဘဲ စစ်တပ်နဲ့ လက်နက်ကိုင်အဖွဲ့တွေရဲ့ အကျိုးစီးပွားအတွက် အသုံးချခံနေရတာပဲ ဖြစ်နေ ပါတယ်။ ဒီလို အခြေအနေတွေကြောင့် ဒေသခံတွေရဲ့ ဘဝလုံခြုံမှုမရှိတဲ့အပြင် ဖွံ့ဖြိုးတိုးတက်မှုလည်း ရပ်တန့်နေပါတယ်။

ဒါ့အပြင် ဖားကန့်မှာ ကျောက်စိမ်းတူးဖော်မှုကို တရုတ်လူမျိုးပိုင် ကုမ္ပဏီတွေ အများဆုံးလုပ်ကိုင်နေ ပြီး ဒေသခံတွေဆီက ကျောက်စိမ်းတွေကို ဝယ်ယူကာ တရုတ်နိုင်ငံထဲ ပြန်လည်ရောင်းချနေတာက လည်း ဒီလုပ်ငန်းရဲ့ နောက်ခံအကြောင်းတရားတစ်ခု ဖြစ်နေပါတော့တယ်။ ဒီအချက်တွေကြောင့် ဖားကန့်ဟာ သယံဇာတကြွယ်ဝပေမယ့် ဒေသခံတွေအတွက် အကျိုးမရှိဘဲ ပဋိပက္ခတွေ၊ အုပ်ချုပ်ရေး အားနည်းချက်တွေနဲ့ ပြည့်နှက်နေတဲ့ နေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။



## (၁) ကျောက်စိမ်းမြေက အုပ်ချုပ်ရေးယန္တရား

၁၈၃၂ ခုနှစ်တွင် အောင်မင်္ဂလာရွာကို ရှမ်းလူမျိုးများက စတင်တည်ထောင်ခဲ့ပြီး ယင်းရွာမြောက်ဘက်ရှိ မျောက်ဖြူချောင်းပေါက်ဝအထက်တွင် တောင်ကြီးပြိုကျခြင်းကို အစွဲပြုကာ 'ဖားကန့်'လို့ ခေါ်ဆိုခဲ့ရာ ယနေ့ထိတိုင် အမည်တွင်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၉၅ ခုနှစ်တွင် ဖားကန့်ကျေးရွာကို ဖားကန့်မြို့ အဖြစ် ပြောင်းလဲခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ကာမိုင်းမြို့နယ်အစား ဖားကန့်မြို့နယ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြပါတယ်။

ဖားကန့်ကို KIA/KIO အဖွဲ့၊ အစိုးရအဖွဲ့အစည်း၊ စစ်တပ်တို့မှ အုပ်ချုပ်ကာ ကျောက်စိမ်းလုပ်ကွက်များကို ထိန်းချုပ်လုပ်ကိုင်နေကြပါတယ်။ ယခင် နဝတ၊ နအဖ အစိုးရလက်ထက်မှစကာ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတွေကို ဝင်ရောက်လုပ်ကိုင် ခွင့်ပြုခဲ့ပါတယ်။

ယင်းကျောက်စိမ်းလုပ်ကွက်တွေမှ အခွန်အခအဖြစ် ကျပ်သိန်းပေါင်းများစွာ နှစ်စဉ် ကောက်ခံရရှိပေမယ့် ပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားကဏ္ဍတွေ ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင် နိုင်ခြင်း မရှိသေးပေ။

NLD အစိုးရအုပ်ချုပ်ခဲ့တဲ့ ၂၀၁၆-၂၀၂၁ ခုနှစ်အတွင်း စက်ယန္တရားကြီးများဖြင့် ကျောက်စိမ်းတူးဖော်ခဲ့ကြတဲ့ ကုမ္ပဏီစုစုပေါင်း ၅၀၀ နီးပါးခန့် ရှိပြီး ကုမ္ပဏီအမည်ပေါက် နာမည်များဖြင့်သာ သီးခြား သတ်မှတ်ပေးကာ စနစ်တကျလုပ်ကိုင်ခွင့် ပြုခဲ့ပါတယ်။









*“NLD အစိုးရ လက်ထက်တုန်းက တစ်သုံးလုံး၊ ကျောက်စိမ်း တောင် ဆိုပြီး ကုမ္ပဏီအမည်ပေါက်နဲ့ လုပ် ကွက်ချပေးခဲ့တယ်။ လုပ်ကွက် လျှောက်တဲ့ သူကလည်း ဘယ်သူကဘယ်နာမည်နဲ့ လုပ်ပါမယ်ဆိုပြီး ကြိုပြီး တင်ရ တယ်။ အဲ့ဒီတုန်းက ကုမ္ပဏီအကြီးကြီးတွေ သိပ်မရှိ သေးဘူး။ စစ်တပ် အာဏာသိမ်းပြီး နောက်ပိုင်းမှာတော့ အဲ့ဒီလို မရှိ တော့ဘူး။ ကုမ္ပဏီ နာမည် လည်း မချပေးတော့ဘူး။ လုပ်ချင်တဲ့သူက အခွန်ဆောင်ပြီး လုပ်လို့ရတယ်”*

***(ဖားကန့်မြို့ခံတစ်ဦး)***

၂၀၂၁ ခုနှစ်မှာတော့ စစ်တပ်မှ အာဏာသိမ်းပြီးနောက် ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက် တွေကို ထိန်းချုပ်ကာ ကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးရာတွင် ပိုက်ဆံပေးနိုင်သူ ဘယ်သူမဆို လုပ် ကိုင်ခွင့်ပြုခဲ့ကြပါတယ်။ ကျောက်စိမ်းတူးဖော်ကြတဲ့ ကုမ္ပဏီများအပါအဝင် ကျောက်တူးသူနှင့် အရောင်းအဝယ်လုပ်ကြ သူတွေဆီမှ နှစ်စဉ်ကြေး၊ လစဉ်ကြေး၊ ရန်ပုံငွေ စသဖြင့် ခေါင်းစဉ် အမျိုး မျိုးတပ်ကာ ကောက်ခံခဲ့ကြပါတယ်။

၂၀၂၄ ခုနှစ်တွင် KIA ပါဝင်တဲ့ ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းနှင့် စစ်တပ်တို့ ဖားကန့် မြို့နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြပါတယ်။ ထိုသို့ တိုက်ပွဲများဖြစ်ပွားပြီးနောက် KIA က လုံးခင်း၊ ဆိုင်းတောင်၊ ဖားကန့်တို့ကို သိမ်းပိုက်ပြီး ကျောက်စိမ်းလုပ်ကွက်တွေကို ဆက်လက်ထိန်းချုပ် ခဲ့ပါ တယ်။ ဒါပေမဲ့ ဖားကန့်မြို့ပေါ်မှာတော့ စစ်တပ်စခန်းများ ကျန်ရှိနေပါတယ်။

***“ဖားကန့်မှာ စစ်တပ်နဲ့ KIA က တိုက်ပွဲတွေဖြစ်နေကြပေမယ့် စစ်ရေးအဆင့်ရှိသူ အချင်းချင်း ကတော့ ညီညွတ်ကြပုံရတယ်ဗျ။ လုံးခင်းဘက်က ကုမ္ပဏီတစ်ခုက ကျောက်အောင်ပြီဆိုရင် ဗိုလ်မှူး အဆင့်ရှိတဲ့ သူက KIA ရဲ့ ဗိုလ်မှူးအဆင့်ရှိတဲ့သူဆီကို ဖုန်းလှမ်းဆက်ပြီး ဘယ်သူတွေကတော့ ကျောက်အောင် တယ်။ ငါတို့ အခွန် (ဆက်ကြေး) ဘယ်လောက်ရထားတယ်။ မင်းတို့လည်း တောင်း လိုက်ဦးဆိုပြီး သူတို့ အချင်းချင်း အပြန်အလှန်သတင်းပေးကြတာ တော်တော်ထူးဆန်းတယ်”***



**(ဒေသခံတစ်ဦးမှ ပြောကြားခြင်း)**

## (၂) ဘဝလုံခြုံမှုပျောက်ဆုံးခြင်း

ဖားကန့်ဟာ လောပန်းလောင်းအိပ်မက်လို့ တင်စားခေါ်ဝေါ် ပြီး စိတ်ကူးယဉ်စရာ အလွန်ကောင်းပေ မယ့် တကယ့်လက်တွေ့မှာတော့ အခက်အခဲပေါင်းများစွာနဲ့ ကြုံတွေ့ နေရပါတယ်။ ကျောက်တူးသူတွေ နဲ့ အရောင်းအဝယ်လုပ်သူတွေဟာ မြန်မာစစ်တပ်နဲ့ KIA တို့လို လက်နက်ကိုင်အဖွဲ့တွေကို လစဉ်၊ နှစ်စဉ် အခွန်ပေးဆောင်နေရပေမယ့် သူတို့ ဘဝတွေ လုံခြုံမှုမရှိသေးပါဘူး။

ကျောက်တန်ဖိုးရဲ့ ၁၅ % လောက်ကို အခွန်အဖြစ်ပေးနေရပြီး မပေးနိုင်ရင် မြေသိမ်းခံရတာမျိုးတွေလည်း ရှိနေပါတယ်။



*“အခွန်က မြန်မာစစ်တပ်လည်း ပေးရသလို KIA ကိုလည်း ပေးရတယ်။ မြန်မာစစ်တပ် ကြတော့ လုပ်ကွက်တစ်ခုကို ကျပ်သိန်း ထောင်ချီ ကောက်လိုက်တာ လည်းရှိတယ်။ KIA ကြတော့ လုပ်ကွက် ပေတစ်ရာ ပတ် လည်ဆိုရင် လုပ်ကွက် အခွန်ပေးရတာ နည်းတယ်။ သိန်း တစ်ရာငါးဆယ်/တစ်ရာ ပေါ့။ ဘက်ဟိုး တစ်စီးဆိုရင် တစ်နှစ်ကို ဆယ့်ငါးသိန်း လောက် အခွန်ဆောင်ရတယ်။ ကျောက်ထွက်လာတဲ့ အချိန်ကျ ရင်တော့ ၁၅ ရာခိုင်နှုန်းပေးရတယ်”*

ကျောက်အရောင်းအဝယ်ပြုလုပ်သူတစ်ဦး



မြန်မာစစ်တပ်ကို အခွန်ပေးဆောင်ရာမှာတော့ ကျောက်ရရ၊ မရရ သူတို့ တောင်းသ လောက်ပေးဆောင်နေကြရပြီး အခွန်အခမပေးဆောင်နိုင်ရင် မြန်မာစစ်တပ်က မြေသိမ်းမှုတွေ လုပ်ကြပါတယ်။ ကျောက်အရောင်းအဝယ်လုပ်ကိုင်သူတွေအနေနဲ့ အရောင်းအဝယ်လက်မှတ်မရှိရင် တစ်နှစ်ကို ကျပ် (၁၀)သိန်း ပေးဆောင်နေရတာတွေလည်း ရှိနေပြန်ပါတယ်။

ဖားကန့်ကို ကျောက်လာတူးသူတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး လူမျိုး လည်း ပေါင်းစုံလာပါတယ်။ ကျောက်တူးသူအများစုကတော့ ရေမဆေးကျောက်ရှာဖွေခြင်းကို အများဆုံး လုပ်ကိုင်ကြပြီး ဒီလိုရေမဆေးကျောက်ရှာသူတွေထဲမှာ ဒေသခံတွေပါသလို အခြားဒေသမှ လာရောက် ရှာဖွေသူတွေလည်း ပါဝင်ကြပါတယ်။

ရေမဆေးကျောက်ရှာသူတွေဟာ မြေစာပုံပြိုကျမှုတွေကြားမှာ အသက်စွန့်ကာ အလုပ် လုပ်နေရပြီး မတော်တဆမှုတွေမှာ အသက်ဆုံးရှုံးသူအရေအတွက်ဟာ နှစ်စဉ်များပြား လျက်ရှိ ပါတယ်။ ဒီလို အန္တရာယ်များတဲ့အလုပ်ကနေ ရတဲ့ပိုက်ဆံတွေဟာလည်း လေးကောင်ဂျင်၊ ခြောက် ကောင်ဂျင်စတဲ့ လောင်းကစားများနဲ့ မူးယစ်ဆေးဝါးလို အလဟသကိစ္စတွေမှာ ကုန်ခမ်းနေတာ ကြောင့် သူတို့ဘဝတွေ ဟာ ဆင်းရဲဒုက္ခတွင်းထဲက မထွက်နိုင်ဘဲ သံသရာလည်နေပါတယ်။

ဒီလိုမူးယစ်ဆေးစွဲပြီး လူညွန့်တုံးကာ ဘာမှမလုပ်နိုင်တော့ဘဲ တောင်းရမ်းစား သောက်နေထိုင်ကြသူတွေ အများအပြားရှိနေပါတယ်။ ဖားကန့်မှာ လောင်းကစားနဲ့ မူးယစ်ဆေးဝါး ဖက်တွယ် လာရင်တော့ ဖြစ် ချင်တဲ့ လောပန်းလောင်းအိပ်မက်ဟာလည်း ဆိတ်သုဉ်းပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။





မြန်မာစစ်တပ်က မထင်ရင်မထင်သလို ဒေသခံတွေအား ဖမ်းဆီးမှုတွေရှိနေပြီး Drone တွေနဲ့ လည်း တိုက်ခိုက်မှုတွေရှိနေတာကြောင့် ဒေသအတွင်း အေးချမ်း တည်ငြိမ် မှု အပြည့်အဝမရရှိသေးပေ။

ဖားကန့်အပိုင် ဆိုင်းတောင်မှာတော့ လူနေအိမ်များနဲ့ မကြာခင်က ဖွင့်လှစ်ထား တဲ့ ဟိုတယ်တစ်လုံး လည်း တိုက်ပွဲဖြစ်ပွားခဲ့စဉ်က လက်နက်ကြီးထိမှန်ကာ ပျက်စီးဆုံးရှုံး မှုတွေ ရှိခဲ့ပါတယ်။ ဒီလိုပျက်စီးခဲ့ တဲ့ ဟိုတယ်နဲ့ လူနေအိမ်အချို့မှာတော့ ဒီနေ့အထိ ပြန် လည်ဆောက်လုပ်ခြင်း မရှိသေးပေ။

## (၄) လမ်းပန်းဆက်သွယ်ရေး

ဖားကန့်မြို့ရဲ့ လမ်းပန်းဆက်သွယ်ရေးကတော့ အရင်အတိုင်း ရှိနေပြီး မြို့ဝင်ရာ လမ်းတစ်လျှောက်မှာ ပြည်သူ့စစ်၊ KIA စတဲ့ စစ်ဆေးရေးဂိတ်တွေ အပြည့်ဖြင့် စစ်ဆေး မေးမြန်းမှုတွေ လုပ်ဆောင်လျက်ရှိ နေပါတယ်။



ဖားကန့်မြို့ကို သွားရာလမ်းမကြီးဟာ ချိုင့်ခွက်၊ ဖုန်အလိမ်းလိမ်းတို့ဖြင့် ကြမ်း တမ်းကာ သွားလာရ ခက်ခဲသလို မိုးရာသီရောက်ပါက လမ်းမကြီးရဲ့ ချိုင့်ခွက်တွေမှာ ရေ တွေအိုင်ထွန်းကာ ပို၍ပင် သွားလာရခက်ခဲသွားတယ်လို့ ဒေသခံတွေက ပြောပြပါတယ်။

ဒါပေမဲ့ ဈေးရောင်း၊ဈေးဝယ်သူတွေ၊ ကျောက်ရှာသူတွေ၊ ခရီးသွားသူတွေ အနေနဲ့ ဒီလိုလမ်းမကြီးကိုပဲ နေ့စဉ်အသုံးပြုကာ ဖြတ်သန်းသွားလာလျက် ရှိနေကြ ပါတယ်။ ဖားကန့်ဟာ တိုက်ပွဲတွေဖြစ်ပွားတဲ့ အချိန်က စပြီး ဆက်သွယ်ရေး လိုင်းများ ပြတ်တောက်ကာ ယနေ့အထိ အခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရ ပါတယ်။



ဖားကန့်မြို့ တစ်ခုထဲမဟုတ်ဘဲ ကချင်ပြည်နယ်တစ်ခုလုံး ဖုန်းလိုင်းဆက်သွယ်ရေး ခက်ခဲသွားပြီး မိုဘိုင်းလ် အင်တာနက် အသုံးပြုလို့မရတော့ဘဲ ဈေးဆိုင်နဲ့ ဟိုတယ်တို့တွင် ဖိုက်ဘာအင်တာနက် WiFi အသုံးပြုခ ကို ဈေးအဆမတန်ပေးကာ ဒေသခံတို့မှ အသုံးပြုနေကြရပါတယ်။



တစ်ဦးနဲ့တစ်ဦး သွားလာဆက်သွယ် ပြောဆိုဖို့အတွက် ဖားကန့်ကိုသွားတဲ့ လမ်းတွေဟာ ကြမ်း တမ်းပြီး သွားလာရခက်ခဲနေဆဲဖြစ်သလို ဖုန်းလိုင်းနဲ့ အင်တာနက်ဆက်သွယ်ရေးတွေလည်း ပြတ်တောက်နေတာကြောင့် ဒေသခံတွေရဲ့ နေ့စဥ်ဘဝဟာ အဆက်အသွယ် ခက်ခဲမှုတွေနဲ့ ပြည့်နှက်နေပါ တယ်။



*“တိုက်ပွဲတွေဖြစ်တော့ မြို့မှာရှိတဲ့ ဘဏ်တွေကပိတ်။ အင်တာနက်က အလွယ်တကူသုံးလို့မရတော့ K-pay ၊ Wave-pay တွေနဲ့လည်း ပိုက်ဆံလွှဲတာတို့၊ ထုတ်တာတို့ ဒုက္ခရောက်ကုန်ရော။ ပိုက်ဆံလွှဲတာ၊ ထုတ်တာတွေရဲ့ ဝန်ဆောင်ခပေးရတာလည်း ဈေးအဆမတန်ကြီးမြင့်သွားတယ်။ တစ်ချို့ အရောင်း၊ အဝယ် လုပ်သူတွေဆို လက်ထဲမှာပဲ ပိုက်ဆံကို ကိုင်ထားတော့တယ်”*

ဖားကန့်မြို့ခံတစ်ဦး



## (၅) ပညာရေးနှင့်ကျန်းမာရေး

### (က) ပညာရေး

ကချင်ပြည်နယ်ဟာဆိုရင် အရေးကြီးဆုံးကဏ္ဍဖြစ်တဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နှောင့်နှေးကြန့်ကြာမှု၊ အခက်အခဲများစွာဖြင့် ဒေသခံပြည်သူလူထုမှာ ရင်ဆိုင်ကြုံတွေ့နေရဆဲပင်။ စာသင် ကျောင်းတွေမှာ လုံလောက်တဲ့ ဆရာ/ဆရာမတွေ မရှိတော့သလို တိုက်ပွဲတွေ မကြာခဏ ဖြစ်ပွားနေတာကြောင့် ကလေးငယ်များ ပညာသင်ကြားရန် အခက်အခဲ၊ ဒုက္ခများ ရင်ဆိုင်ကြုံတွေ့ နေရကာ ပညာ ရေးတွင် နောက်ကျကျန်ခဲ့ရပါတော့တယ်။


ဖားကန့်အပါအဝင် ကချင်ဒေသမှာ တိုက်ပွဲတွေ ဖြစ်ပွားမှု မတည်ငြိမ်သေးတာကြောင့် အချို့ စာသင် ကျောင်းတွေဟာ ကျောင်းဖွင့်ရာသီမှာတောင် ပိတ်ထားခဲ့ကြရပြီး ခရစ်ယာန်ဘာသာရေး ကျောင်းများတွင်သာ ဒေသခံကလေးငယ်များ ပညာသင်ကြားနေရပါတယ်။ အချို့ကလေးမိဘတို့မှာ လက်နက်ကြီး ရန် ကြောက်ကာ မိမိကလေးတွေကို ပညာရေး တစ်ပိုင်းတစ်စဖြင့် ရပ်ထားခဲ့တဲ့ ဖြစ်စဉ် တွေလည်း အများအပြားရှိနေပါတယ်။





### (ခ) ကျန်းမာရေး

ဖားကန့်ဟာ ဆေးရုံ၊ ဆေးခန်းပေါသလောက် စမ်းသပ်ခ၊ ဆေးကုသခ စတဲ့ ကုန်ကျစရိတ် တွေက အဆမတန် ကြီးမြင့်လျက်ရှိပါတယ်။ ဆေးခန်းတွေမှာ တစ်ခါပြရင် ဆေးထိုးကုသခ အနည်းဆုံး ကျပ် ၂၀,၀၀၀ ကနေ ၅၀,၀၀၀ အထိ ပေးနေရပြီး ဆေးရုံကြီးတွေမှာ တစ်ခါပြသပါက သိန်းဂဏန်းဝန်းကျင် ကုန်ကျလျက်ရှိပါတယ်။



ပိုက်ဆံရှိသူအတွက်ကတော့ ဆေးကုသ စရိတ် မပူပန်ရပေမယ့် ဒေသခံ အခြေခံလူတန်းတွေအတွက်မှာ ဆေးရုံ၊ ဆေးခန်းပြသဖို့ ဝန်လေးနေကြပါတယ်။ ပိုက်ဆံရဲ့ စေညွှန်ရာကို လိုက်နေရတာကြောင့် ဒေသခံ တွေက ပိုက်ဆံ အလွယ်တကူရှာရလွယ်ပြီး အန္တရာယ်များတဲ့ ရေမဆေး ကျောက်ရှာတဲ့ အလုပ်ကို ပိုမို လုပ်ကိုင်လာလျက်ရှိပါတယ်။

ကျောက်စိမ်းများထွက်ရှိရာ ဖားကန့်မှာတော့ ပိုက်ဆံကို ရေလိုသုံးနိုင်သလို နေထိုင်စရိတ်၊ စားစရိတ်၊ ကျန်းမာရေးစရိတ် စတဲ့ ကဏ္ဍတွေရဲ့ ကုန်ကျစရိတ်မှာလည်း များစွာကြီးမြင့်လို့နေပါတော့တယ်။

## (၆) သဘာဝပတ်ဝန်းကျင်

ဖားကန့်မှာ ကန်များတူးဖော်ပြီး ကျောက်ရှာဖွေရေး လုပ်ကိုင်နေတာကြောင့် မိုးရာသီ ကာလတွင် မြေပြို မှုတွေက မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိပါတယ်။ မိုးရာသီကာလတွင် အချို့က ကျောက်တူးဖော်ရေး ကို ရပ်ဆိုင်းကြသော်လည်း အချို့ကတော့ လုပ်ကိုင်လျက် ရှိနေဆဲပါပဲ။ ဒါ့အပြင် တောင်တွေဖြိုတဲ့ တူးဖော်ရေးလုပ်ကွက်တွေကြောင့် သစ်တော ပြုန်းတီးမှုတွေလည်း ဖြစ်ပေါ်နေပါတယ်။



## (၃) ဖြစ်ပွားမှုများနှင့် မတည်ငြိမ်မှု

ဖားကန့်မှာ တိုက်ပွဲတွေမကြာခဏဖြစ်ပွားနေတာကြောင့် ဒေသခံဈေးရောင်းချသူတွေ၊ ကျောက်ရှာဖွေအရောင်း၊ အဝယ်လုပ်သူတွေဟာ အမြဲတမ်းကြောက်လန့်စိုးရိမ်မှုတွေနဲ့ နေထိုင်နေရပါတယ်။ ခိုးဆိုး၊ လုယက်မှုတွေလည်း တိုးလာနေပြီး စစ်ဆေးရေးဂိတ်တွေကြောင့် သွားလာရေးမှာ သတိထားနေရသလို ဈေးနှုန်းတွေ မြင့်တက်လာတာကလည်း စီးပွားရေးကို ထိခိုက်နေပါတယ်။

KIA အုပ်ချုပ်မှုအောက်မှာ နည်းနည်းတည်ငြိမ်လာပေမယ့် ဒေသခံတွေရဲ့ လုံခြုံစိတ်ချမှုက အပြည့်အဝ မရှိသေးပါဘူး။

*“သွားတာလာတာကအစ နည်းနည်းလေးစိုးရိမ်စိတ်နဲ့ပေါ့။ ဒီလိုပဲသွားနေရတာ။ အရင်ကဆို ညဉ့်နက် ပိုင်း ၁၂ နာရီသွား၊ ၁ နာရီသွား။ ဘာရှော့မှမရှိဘူးလေ။ အခုနောက်ပိုင်း အလုအယက်တွေနဲ့ စိုးရိမ်ရ တယ်လေ။ နောက်ပြီး စစ်တပ် စစ်ဆေးရေးဂိတ်နဲ့ အဖမ်းအဆီးလည်း ရှိနေတော့ ဈေးရောင်းဖို့ သွားလာ တာ သတိထားနေနေရတယ်။ ကုန်ဈေးနှုန်းကလည်း တက်နေတာဆိုတော့ စီးပွား ရေးလည်း မကောင်း ဘူး။ ကြက်သားရောင်းတာ အရင်တုန်းကဆို ရောင်း ကောင်းတယ်။ အကောင် ၃၀/၄၀ အသာလေးပဲ။ အခုဆို တစ်ရက်ကို ၁၀ ကောင် ကုန်အောင် မနည်းရောင်းနေရတယ်။ နိုင်ငံရေး မတည်ငြိမ်တုန်းကဆို ခိုးဆိုး၊ လုယက်တာတွေက မကြာခဏဖြစ်နေတာ။ အခုနောက်ပိုင်း KIA အုပ်ချုပ်တဲ့ နောက်ပိုင်း နည်းနည်း တည်ငြိမ်သွားတယ်။ ဈေးလည်းရောင်းရ ကိုယ့်အသက် အန္တရာယ်လည်း ကင်းအောင် လုပ်နေရတယ်”*



**(ဖားကန့်မြို့ ဈေးရောင်းချသူတစ်ဦး)**



သစ်တောတွေ၊ တောင်တွေ ပျက်စီးပြုန်းတီးခြင်းရဲ့ နောက်ဆက်တွဲရလဒ်ကတော့ အပူ လွန်ကဲမှုတွေ၊ အအေးလွန်ကဲမှုတွေ ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒီလိုပတ်ဝန်းကျင်ပျက်စီးမှုက ဒေသခံ တွေကို ရာသီဥတု ဖောက်ပြန်မှုတွေနဲ့ ထိပ်တိုက်ရင်ဆိုင်စေပေမယ့် သူတို့ဟာ ဝင်ငွေကောင်းတဲ့ ကျောက်ရှာဖွေရေးကိုပဲ အာရုံစိုက်နေကြပြီး ဖြစ်ပေါ်လာမယ့် သဘာဝဘေးအန္တရာယ်ကို သတိ မထားမိကြပါဘူး။



သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုတွေကို ဒေသခံတွေအနေနဲ့ သတိမပြုနိုင်သေးဘဲ ဝင်ငွေကောင်းစွာ ရရှိနေတဲ့ ကျောက်ရှာဖွေခြင်း အလုပ်ကိုသာ အများအပြား လုပ်ကိုင်လာ လျက် ရှိနေပါတယ်။ ကျောက် ရှာဖွေရာမှ ရတဲ့ဝင်ငွေဟာ သာမန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းထက် ပိုမိုရရှိနေတာကြောင့် စားဝတ် နေရေး အတွက် ယင်းကျောက်ရှာဖွေရေးအလုပ်ကိုသာ လုပ်ကိုင်နေ ကြခြင်းပဲ ဖြစ်ပါတယ်။



## နိဂုံး

ကျောက်တူးဖော်ရေးကုမ္ပဏီတွေဟာ ကျောက်ကြောကုန်သွားပါက တစ်တောင် ပြီးတစ်တောင် တောင်တွေကို ဖြိုချပြီး လုပ်ကိုင်လာလျက်ရှိနေပါတယ်။ ယင်းကုမ္ပဏီ တွေက ကျောက်ကြော တည်နေရာကျ တဲ့ ကျေးရွာတွေကို အလွန်များပြားတဲ့ အခကြေး ငွေပေးကာ ဖယ်ရှားခိုင်းပြီး မြေနေရာကွက်စီမံပေးတာတွေ ရှိနေတာကြောင့် ကျောက်တူး ဖော်ခြင်းအပေါ် ဒေသခံတို့က နှုတ်ဆိတ်လျက်ရှိနေပါတယ်။

ဒါ့အပြင် တောင်ဖြိုချရာမှ ထွက်ပေါ်လာတဲ့ မြေစာပုံတို့တွင် မည်သူမဆို ရေမ ဆေးကျောက်ရှာဖွေခွင့် ပေးထားတာကြောင့် ဝင်ငွေကောင်းစွာ ရရှိနေတာလည်း တစ် ကြောင်းပါပါတယ်။ ဒေသခံရွာသားတွေအပြင် အခြားနယ်ပယ်ဒေသအသီးသီးမှ ဖားကန့် ကို လာရောက် ကျောက်ရှာဖွေသူ အရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ လျက်ရှိပါတယ်။

မြေစာပုံပြိုကျပြီး ရေမဆေးကျောက်ရှာဖွေသူများစွာ အသက်ပေး ဆုံးရှုံး ရမှု တွေ၊ အနီးပတ်ဝန်းကျင်ရှိ ရွာအတွင်းသို့ မြေစာပုံပြိုကျကာ အသက်သေဆုံးရမှုတွေဟာ နှစ်စဉ်နှစ်တိုင်း ဖြစ်ပေါ်နေပေမယ့် ယင်း ကျောက်ရှာဖွေတဲ့ လုပ်ငန်းမှာ ရပ်တန့်သွားခြင်း မရှိပေ။

အခွန်အခရရှိနေ၍ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက တူးဖော်ခွင့် ခွင့်ပြုထားတာ ကြောင့် လုပ်ငန်းရှင်တို့မှာ နေ့စဉ်နဲ့အမျှ စက်ယန္တရားကြီးတွေနဲ့ ကျောက်တူးဖော်ရေးကို အဆက်မပြတ် လုပ်ကိုင်လာ လျက်ရှိနေပါတယ်။

လောင်းကစားအပြင် မူးယစ်ဆေးဝါးပါ ထပ်မံနှိပ်စက်တဲ့ ဒဏ်တွေကြောင့် ဘဝ ပျက်ကာ လောပန်းလောင်းအိပ်မက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသူတွေ အများအပြား ရှိနေဆဲပါပဲ။



ထိုသို့ ကမ္ဘာ့အဆင့်အတန်းမီ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဟာ တည်ငြိမ်သလိုလိုနဲ့ မတည်ငြိမ်၊ မအေးချမ်းမှုများစွာ ရှိနေပါသေး တယ်။



ဖားကန့်ဟာ ကျောက်စိမ်း ကြောင့် ချမ်းသာဖို့အလားအလာ ရှိပေမယ့် လက်တွေ့မှာတော့ ဒေသ ခံတွေ အတွက် အန္တရာယ်၊ ဆင်းရဲမှု၊ မတည်ငြိမ်မှုတွေပဲ ကျန်ရစ်နေပါ တယ်။ ကျောက်တူးဖော်ရင်း အသက် ဆုံးရှုံးသူတွေ၊ မူးယစ်ဆေးစွဲသူတွေ၊ တိုက်ပွဲဒဏ်ခံ နေရသူတွေနဲ့ ပြည့်နှက်နေတဲ့ ဒီဒေသဟာ သယံဇာ တရဲ့ ကောင်းကျိုးထက် ဒုက္ခတွေ ကိုသာ ခံစားနေရတာပါ။

သဘာဝသယံဇာတများစွာ ထွက်ရှိရာ ကချင်ပြည်နယ်ဟာ ဆိုရင် တရုတ် လူမျိုး တို့ မျက်စိကျ ရာ ပြည်နယ် တစ်ခုအဖြစ် ဖြစ်မှန်းမသိ ဖြစ်လို့နေ ပါပြီ။

